# သင် (သို့မဟုတ်) သင့်မိသားစု ကျွန်ဘဝမှလွတ်မြောက်သည့်ဂျူး ဘာသာရေးပွဲတော်ကိုစောင့်ထိန်း ရန် ညွှန်ကြားချက်များ။

**( Instructions for taking the Passover alone or with your family)**

*အာရှတွင်ရှိသောဘုရားသခင်၏အသင်းတော်*

# သင် (သို့မဟုတ်) သင့်မိသားစုကျွန်ဘဝမှ လွတ်မြောက်သည့် ထိန်းရန် ညွှန်ကြားချက်များ။

အကယ်၍သင်သည် နှစ်ခြင်း ခရစ်ယာန် တစ်ယောက်ဖြစ်သော်လည်း အခြားဘာသာများနှင့်အတူ ဂျူးဘာသာရေးပွဲတော်ကို အိမ်၌ ကျင်းပပြုလုပ်၍ မရနိုင်ပါ။

ဤပွဲတော်သည် အထူးသန့်ရှင်းသောအခမ်းအနားဖြစ်ပြီး ဘုရားသခင်၏ ပဋိညာဉ်အတိုင်း ထာဝရဘုရား၊ ယေရှုခရစ်နှင့် အခြားဘုရားသခင်၏ အသင်းတော် ဝင်များနှင့်အတူ မိဿဟာယပြုလုပ်ဖြင်းဖြစ်သည်။ ဤအမှုသည် နှစ်ခြင်းမခံရသေးသော သူများအတွက် မဟုတ်ပါ။ အထူးသဖြင့် ကလေးငယ်များကဲ့သို့ဖြစ်သည်။ နှစ်ခြင်းမင်္ဂလာမခံရသေးသောသူများအနေဖြင့် အကန့်အသတ်နှင့် ပါဝင်ခွင့်ရှိပါသည်။ သို့သော်လည်း ပွဲတော်မုန့်နှင့် ပွဲတော်ဝိုင်များ၌ မပါဝင်သင့်ပါ။

တိုးတက်မှုပိုင်းတွင် အနည်းငယ်သော တဆေးမဲ့မုန့်ကို ဝယ်ယူခြင်းသို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ရန်ဖြစ်သည်။ သင်အသုံးပြုသော မုန့်၌တဆေး မပါရန် သတိပြုရပါမည်။ တဆေးမုန့်သည် မုန့်ကိုဖောင်းကြွစေပါသည်။တဆေးသည် ဆိုဒါ ကဲ့သို့ တူပါသည်။ သင်သည် သင့် ကိုယ်ပိုင် နည်းလမ်း အားဖြင့် တဆေးမဲ့မုန့်ကို ပြုလုပ်နိုင်ပါသည်။ သင်တို့သည် တဆေးမဲ့မုန့်ကို ဂျုံမှုန့် ဆီ၊ ဆားဖြင့် လွယ်ကူစွာ ပြုလုပ်နိုင်ပါသည်။ ထို့နောက် လင့်ဖြင့် ပြားသည်အထိ ဖိရိုက်ပါ။ ထို့နောက် ဒယ်အိုးထဲထည့်၍ မီးအပူကို လျှော့ပြီးအညိုရောင်သန်းသည်အထိ အပူပေးပါ။

သဘာဝအနီရောင်ဝိုင်ကိုလည်း ရှာဖွေထားသင့်ပါသည်။ စပျစ်ရည် ဖျော်ရည်မဟုတ်ပါ။ ကျွန်တော်တို့၏သခင်ယေရှုသည် ဝိုင်ချဉ်ကို ဂျူးဘာသာရေးပွဲတော်၌သောက်ခဲ့ပါသည်။ စပျစ်ရည်ဖျော်ရည်မဟုတ်ပါ။ ဝိုင်၏ မူလရင်းစကားလုံးကို ဂရိဘာသာဖြစ်ပြီး၊ ဓမ္မသစ်ကျမ်း၌“Oinos”ဟူ၍ရေးသားထား

ထားပါသည်။ ဤ"Oinos"၏အဓိပ္ပါယ်သည် ဝိုင်ချဉ်၊ အချဉ်ပေါက်နေသော ဝိုင် ဟုအဓိပ္ပါယ်သက်ရောက်ပါသည်။ စပျစ်ဖျော်ရည် မဟုတ်ပါ။

ဂျူးဘာသာရေးပွဲတော်သည် ဟေဗြဲပြက္ခဒိန်အရ နီဆန်း **၁၄ ရက်**နေ့ စောစောပိုင်းနေဝင်ပြီး အချိန်၌ စတင်သည်ဟု လေ့လာတွေ့ရှိရပါသည်။ တိုးတက်ရန်အတွက် အခန်းကိုပြင်ဆင်ပါ။ မုန့်နှင့် ဝိုင်အတွက် စားပွဲ တစ်လုံးကို ပြင်ဆင်ပါ။ ထိုအစီအစဉ်အတွက်ခွက်အလုံးတိုင်း၌ဖွန်းအပြည့်သော ပမာဏ ဝိုင် ဟာလုံလောက်ပါသည်။ မုန့်နှင့် ဝိုင်များကို ပိတ်စအဖြူဖြင့် ဖုံးအုပ်ထားသင့်ပါသည်။

ဂျူးဘာသာရေး ပွဲတော်သည် နှစ် တစ်နှစ်တွင် အထူးလေးနက်၍ အားလုံးသည် ငြိမ်သက်စွာ စည်းရုံးပြီး ထိုနေရာ၌ ပါဝင်ရန် ပြင်ဆင်ထားရပါမည်။ ထိုပွဲတော်၌ နှစ်ခြင်းမင်္ဂလာ ခံယူပြီးသော အသင်းသားများသာ ပါဝင်သင့်ပါသည်။ ဤအခမ်း အနားကို ဦးဆောင်သော သူသည် ဤကျမ်းချက်များကို ကျယ်ကျယ် ဖတ်ရန် လိုပါသည်။

**ကောရိန္သုသြဝါဒစာ ပဌမစောင် ၁၁း၂၃–၃၀**

**ရှင်ယောဟန် ၁၃း၁–၁၇** များကိုဖတ်သင့်ပါသည်။

အကယ်၍ ဤအခမ်းအနား၌ လူနှစ်ယောက် (သို့) နှစ်ယောက်ထက်ပို၍ ပါဝင်နေကလျှင်သူတို့သည်တစ်ယောက်နှင့် တစ်ယောက် ခြေဆေးကြောသင့်ပါသည်။ အကယ်၍ လူတစ်ဦးတစ်ယောက်သာပါဝင်နေလျှင် ဤခြေဆေးခြင်း အစီအစဉ်ကို ပယ်ဖျက်နိုင်ပါသည်။

ဤခြေဆေးခြင်း အစီအစဉ် ပြီးနောက် အစီအစဉ်ဦးဆောင်သော သူသည် ကျမ်းစာကိုကျယ်ကျယ်ဖတ်ရန်လိုအပ်ပါသည်။

**ရှင်မဿဲ ၈း၁၆–၁၇ ၊ ရှင်ပေတရုသြဝါဒစာ ပဌမစောင် ၂း၂၀–၂၄၊ ဟေဗြဲ ၄း၁၄–၁၆**

ထို့နောက် ဦးဆောင်သူသည် ဤကျမ်းချက်များကိုလည်း ဖတ်သင့်ပါသည်။

**ရှင်ယောဟန်ခရစ်ဝင် ၆း၃၂-၄၀၊ ၄၈-၅၁၊ ၅၃-၅၈**
**ကောရိန္သုသြဝါဒစာ ပဌမစောင် ၁၀း၄-၆၊ ၁၆-၁၇၊ ၁၁-၂၄** တို့ကိုဖတ်ပါ။

## <u>ပွဲတော်မုန့်</u>

ပွဲတော်ပုဝါကို မဖယ်မီ ကျေးဇူးတော်ကို ပွဲတော်မုန့်အတွက် ရှေ့ဦးစွာ ချီးမွမ်းရပါမည်။ ထို့နောက် မုန့်ကို တစ်စ တစ်စ ပြုလုပ်ခြင်းအားဖြင့် စားသုံးနိုင်ပါသည်။ ပွဲတော်မုန့်စားသုံးခြင်းသည် ကျွန်ုပ်တို့အတွက် ကျိုးပဲ့ခြင်းကိုခံရသော ယေရှုခရစ်၏ ကိုယ်ခန္ဓာဖြစ်ပါသည်။

## <u>ဝိုင်</u>

ဝိုင်အစီအစဉ် ပြင်ဆင်ရန်အတွက် ဤကျမ်းပိုဒ်များကို ကျယ်ကျယ် ဖတ်သင့်ပါသည်။

**ရှင်မဿဲ ခရစ်ဝင် ၂၆း၂၇-၂၈၊ ရှင်ပေတရုသြဝါဒပဌမစောင် ၁း၇-၉၊ ဟေဗြဲ သြဝါဒစာ ၉း၁၁-၁၅၊ ဗျာဒိတ်သြဝါဒစာ ၁း၇**

ထို့နောက်ပွဲတော်ပုဝါကို မဖယ်မီ ကျေးဇူးတော်ကို ပွဲတော်ဝိုင်အတွက် ချီးမွမ်းရမည်။ ပွဲတော်ဝိုင် သင်္ကေတသည် ယေရှုခရစ်တော်၏ အသွေးတော် ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက်အသွေးသွန်းခဲ့ပါသည်။ ယေရှု ခရစ်သည် ဤအမှုကို **"ပဋိညာဉ်အသွေးတော်"** ဟုခေါ်ယူခဲ့ပါသည်။ ပွဲတော်ဝိုင်ကို နှစ်ခြင်းမင်္ဂလာ ခံယူပြီးသော သူများသာ ခံယူသင့်ပါသည်။

၎င်းနောက်ဤကျမ်းချက်များကိုလည်း ရွေးချယ်နိုင်ပါသည်။

**ရှင်ယောဟန်ခရစ်ဝင် ၁၃း၁၈** မှ **ရှင်ယောဟန် ၁၇** ထိဖြစ်ပါသည်။
ဤအကြောင်းအရာများသည် ယေရှုခရစ် အသေတော် မခံမီ ပြုလုပ်ခဲ့သောကြောင့် အကြောင်းအရာများဖြစ်ပါသည်။

ကျမ်းချက်များဖတ်ပြီးနောက် အစီအစဉ်ကို ရပ်သိမ်းရန် ဓမ္မသီချင်းတစ်ပုဒ်ကို ဖြစ်နိုင်လျှင် ဆိုပါသည်။

အစီအစဉ်အားလုံး ပြီးဆုံးသွားသောအခါတွင် ပိုလျှံသော ပွဲတော်မုန့်နှင့် ဝိုင်များကို ဖျက်ဆီးဖြစ်ရမည်။ ပွဲတော်မုန့်များကို မီးရှို့၍ ပွဲတော်ဝိုင်ကို မြေ၌ သွန်းလောင်း စွန့်ပစ်သင့်ပါသည်။

ဤညွှန်ကြားချက်များသည် ဘုရားသခင်ပြုလုပ်ခဲ့သော ဂျူးဘာသာရေးပွဲတော်ကို လေ့လာရန် အထောက်အကူ ပြုမည်ဖြစ်ပါသည်။

မေးခွန်းများကိုမေးလိုပါက

Sabbath Church Of God in Asia
213/1 Moo 3, Ban Mae Sa Luang
T. Mae Sa, A. Mae Rim
Chiang Mai 50180 Thailand

ဘာသာပြန်သူ– **La Nu Nan**
ပြန်ပြုစုသူ –**Ah Jar Shan**